"အသံ"

# လူသားအတွက်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုရှာဖွေ

ဒီဇင်ဘာလ(၁)ရက်နေ့က တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီထိပ်သီးစကားပြောဆွေးနွေးပွဲမှာ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်မှ ပင်မခေါင်းစဉ်မိန့်ခွန်းပြောကြားရာတွင် တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံပြည်သူများအတွက် အေးချမ်းသာယာမှုကိုရှာဖွေပေးသည့်ပါတီဖြစ်ကြောင်း၊ လူသားတိုးတက်ရေးလုပ်ငန်းအတွက် ကြိုးပမ်းသည့်ပါတီဖြစ်ကြောင်း တင်ပြခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီမှ လုပ်ဆောင်သည့်ကိစ္စရပ်အားလုံးသည် တရုတ်နိုင်ငံပြည်သူများအတွက် ချမ်းသာမှုကို ရှာဖွေပေးခြင်း၊ တရုတ်နိုင်ငံ အမျိုးသားပြန်လည်ထူထောင်စေခြင်း၊ လူသားများအတွက်ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေပေးခြင်းပင်ဖြစ်ကြောင်း လေးနက်စွာဖော်ပြခဲ့သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အဆိုပြုချက်သည် တရုတ်နိုင်ငံမှ နိုင်ငံတကာလူမှုရေး အသိုင်းအဝိုင်းအတွက်ထောက်ပံ့ပေးသည့် အရေးပါဆုံးအများပိုင်ကုန်ပစ္စည်းအနက် တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံမှ ဂလိုဘယ်လိုက်ဇေးရှင်း၊ ကမ္ဘာ့အုပ်ချုပ်ရေးအတွက် ထောက်ပံ့ပေးသော တရုတ်ဉာဏ်ပညာနှင့် တရုတ်အဆိုပြုလွှာဖြစ်သည်။ အဆိုပါအဆိုပြုချက်တင်ပြခဲ့သည့်(၄)နှစ်အတွင်း နိုင်ငံတကာမှ ကြီးမားသောတုံ့ပြန်မှုများရရှိပြီး တရုတ်နိုင်ငံနှင့်ကမ္ဘာ၏ဆက်ဆံရေးပုံစံပြောင်းလဲမှုကို ဖော်ပြခဲ့ကာ တရုတ်အဆိုပြုလွှာ၏ ကမ္ဘာ့တန်ဖိုးကို ဖော်ပြနိုင်ခဲ့သည်။

ပထမဆုံး တရုတ်အတွေ့အကြုံကို မျှဝေပြီး ချမ်းသာကြွယ်ဝမှုကို အတူတွန်းဆော်မည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ဆောက်လုပ်ရေးသည် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်သည့်အတွေ့အကြုံ၊ စက်မှုအတွေ့အကြုံ၊ ဆင်းရဲနွမ်းပါးမှုမှကင်းလွတ်ပြီး ချမ်းသာလာသည့်အတွေ့အကြုံကို မျှဝေရန် အကျိုးပြုသည်။ သက်ဆိုင်ရာနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုငွေရင်းကို လျှော့နည်းစေပြီး မိမိနှင့်ကိုက်ညီသည့်လမ်းကြောင်း လျှောက်လှမ်းရန် အားပေးစေပါသည်။ အကွေ့ကြောကားကျော်ခြင်းနှင့် ဖြတ်ကျော်မှုပုံစံ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖြစ်မြောက်နိုင်ခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံအဆိုပြုလွှာ ကိုင်ဆောင်ပြီး လူသားလမ်းမကြီးကို လျှောက်လှမ်းသည်။ အချင်းချင်းချိတ်ဆက်သော "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အဆိုပြုချက်သည် ဂလိုဘယ်လိုက်ဇေးရှင်းအတွက် ပိုမိုခိုင်မာသော တွန်းအားထောက်ပံ့မှုများကို ပေးနေပါသည်။ ကမ္ဘာ့အုပ်ချုပ်ရေးသည် အတူညှိနှိုင်းရန်၊ အတူဆောက်လုပ်ရန်နှင့်၊ အတူခံစားရန်လိုအပ်သည်။ နိုင်ငံအုပ်ချုပ်ရေးသည် အရင်းကစအုပ်ချုပ်ညှိနှိုင်းရန် လိုအပ်ပါသည်။ "ဆင်းရဲလျှင် ပြောင်းလဲ၊ ပြောင်းလဲလျှင်ချိတ်ဆက်၊ ချိတ်ဆက်လျှင်ကြာရှည်"ဟု ဆိုသည့်အတိုင်း ချိတ်ဆက်ခြင်းသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်ဆက်လက်လုံခြုံခြင်း၏ အဓိကအချက်ဖြစ်နေပါသည်။

တတိယအချက်မှာ-တရုတ်တာဝန်ခံယူမှုကိုပြသပြီး အများပိုင်ကုန်ပစ္စည်းထောက်ပံ့ခြင်းဖြစ်သည်။ စီးပွားရေးအပိုင်းကဏ္ဍတွင် အနာဂတ်(၁၀)နှစ်တွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"မှ သယ်ဆောင်လာသည့် ကုန်သွယ်ရေးပမာဏတိုးမြှင့်နှုန်းမှာ အမေရိကန်ဒေါ်လာ(၂၅၀၀)ဘီလီယံဖြစ်ပြီး စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းအတွက် စွမ်းဆောင်ချက်အသစ်များကို သယ်ဆောင်လာမည်ဖြစ်သည်။ စနစ်အပိုင်းကဏ္ဍတွင် တရုတ်နိုင်ငံမှ ပိုးလမ်းရန်ပုံငွေ၊ အာရှတိုက်အခြေခံအဆောက်အအုံရင်းနှီးမှုဘဏ်စသည့် ပုံစံသစ် ငွေကြေးစီးပွားရေးအဖွဲ့အစည်းများကိုတည်ထောင်ပြီး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့အစည်းမှ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုကို တွန်းဆော်မည်ဖြစ်သည်။ အတွေးအခေါ်အပိုင်းကဏ္ဍတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အဆိုပြုချက်၊ ပုံစံသစ်နိုင်ငံတကာဆက်ဆံရေး၊ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထု အတွေးအခေါ်၊ 《ကုလသမဂ္ဂစည်းကမ်း》မူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး "ကံကြမ္မာချင်းဆက်အေးအတူပူအမျှ" တက်ကြွသည့် အဓိပ္ပာယ်ကို ဖြစ်မြောက်စေပါသည်။



ယခုလူသားလူမှုရေးလောကသည် စမှတ်အသစ်တွင် တည်ရှိနေပါသည်။ ကမ္ဘာကြီးသည် ဖွင့်လှစ်၊ ပါဝင်ခြင်းသို့ ဖြစ်စေပိတ်ဆို့၊ကျဉ်းမြောင်းခြင်းသို့ဖြစ်စေမည်သည့်လမ်းကြောင်းကို လျှောက်လှမ်းသည်မှာ(၂၁)ရာစု၏မေးခွန်းဖြစ်ပါသည်။ နိုင်ငံအသီးသီးသည် သမိုင်းကြောင်းအခွင့်အလမ်းကိုကိုင်ဆောင်ပြီး မှန်ကန်သောရွေးချယ်မှုကိုလုပ်ဆောင်ကာ လူသားများပိုမို ထွန်းလင်းတောက်ပသောအနာဂတ်ကို အတူတည်ဆောက်ကြရမည်ဖြစ်သည်။

ဝမ်ရီကွေ (စာရေးဆရာသည်တရုတ်ပြည်သူ့တက္ကသိုလ် နိုင်ငံတကာရေးရာသုတေသနစခန်း စခန်းမှူး၊ နိုင်ငံတကာဆက်ဆံရေးကောလိပ်မှ ပါမောက္ခဖြစ်ပါသည်။)

"ပြပွဲ"

# (၅)ကြိမ်မြောက်တောင်အာရှကုန်စည်ပြပွဲကို လာမည့်နှစ်ဇွန်လတွင် ကူမင်း၌ ကျင်းပမည်

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့်စီးပွားရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရသည် ပေကျင်းတွင်အတူကျင်းပသော ကြော်ငြာပွဲမှသတင်းအရ (၅)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် တရုတ်ကူမင်းသွင်းကုန်ထုတ်ကုန်ဖလှယ်ပွဲကို ၂၀၁၈ခုနှစ်ဇွန်လ(၁၂)ရက်နေ့မှ(၁၈)ရက်နေ့အထိ ယူနန်ကူမင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရပါသည်။

ယခုအကြိမ်ပြပွဲခေါင်းစဉ်သည် " 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု' အတွင်းသို့ရောပါဝင်ရောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်အကျိုးတူအောင်မြင်ခြင်း" ဖြစ်သည်။ ပင်မခေါင်းစဉ်နိုင်ငံနှင့် အဓိကဧည့်ရှင်နိုင်ငံပြတိုက်၊ တောင်အာရှပြတိုက်၊ အရှေ့တောင်အာရှပြတိုက်၊ ပြည်ပပြတိုက်၊ ပြည်တွင်းပြတိုက်၊ ခရီးသွားပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ ကုန်ကြမ်းအသစ်ပြတိုက်စသည့် ပြတိုက်(၁၉)ခုတည်ထားပြီး ပြပွဲနေရာပေါင်း(၈၅၀၀)ခု၊ ပြသမျက်နှာပြင်ဧရိယာ(၁. ၉) သိန်းစတုရန်းမီတာရှိမည်။ ထို့အတူ ပြသနိုင်ငံကုန်စည်ပြပွဲလှုပ်ရှားမှုနှင့် စီးပွားရင်းနှီးမှုကြော်ငြာ အစီအစဉ်ကိုလည်းကျင်းပမည်ဖြစ်သည်။ တရုတ်-တောင်အာရှကော်မာရှယ်ဖိုရမ်၊ တရုတ်-အရှေ့တောင်အာရှကော်မာရှယ်ဖိုရမ်၊ တရုတ်-တောင်အာရှအရှေ့တောင်အာရှ Think tank ဖိုရမ်၊ တရုတ်-အမေရိကန်ပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ လန်ချန်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသပူးပေါင်းဆောင်ရွက်ရေး ကူမင်းလှုပ်ရှားမှုအထိမ်းအမှတ်သီတင်းပတ်စသည့် အဆက်တွဲအစီအစဉ်များကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ ပါဝင်ပြသသည့် နိုင်ငံအစိုးရအဖွဲ့အစည်းနှင့် စီးပွားရေးအဖွဲ့အစည်းများကို မိမိနိုင်ငံရင်းနှီးမှုပေါ်လစီ၊ ပတ်ဝန်းကျင်နှင့်ရင်းနှီးမှုစီမံကိန်းများကို မိတ်ဆက်ရန်ဖိတ်ခေါ်မည် ဖြစ်ပါသည်။ ပါဝင်ပြသသည့်နိုင်ငံများအတွက် ရင်းနှီးခေါ်ဆောင်ရေးနှင့် တရုတ်နိုင်ငံလုပ်ငန်းများမှ ပြည်ပရင်းနှီးပူးပေါင်းရေးအတွက် စင်မြင့်ထောက်ပံ့ပေးပြီး သဘောတူညီမှုများရရှိရန်တွန်းတင်ကာ ဖွံ့ဖြိုးတိုးတက်မှုအင်အားစုဆောင်းမည်ဖြစ်သည်။



ယခုနှစ်ပိုင်းတွင် အထူးသဖြင့်"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အဆိုပြုချက်တင်ပြချိန်ကစပြီး တရုတ်နိုင်ငံနှင့်တောင်အာရှနိုင်ငံများသည် နှစ်ဖက်နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်။ မြင့်မားသော၊အကြွယ်ဝဆုံးရလဒ်များစွာရှိသသည့်အဆင့် ရောက်ရှိနေသည်။ တရုတ်နိုင်ငံနှင့်တောင်အာရှနိုင်ငံ၏ နယ်မြေဒေသကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးသည် တက်ကြွသောတွန်းတင်မှုရရှိပြီး ပါကစ္စတန်နှင့်အတူ လွတ်လပ်သောကုန်သွယ်မှုဇုန်တည်ဆောက်ပြီးမော်လ်တိုက်နှင့် လွတ်လပ်သော ကုန်သွယ်ဇုန်သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ တရုတ်နိုင်ငံနှင့်တောင်အာရှနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေးသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ၊ ဝန်ဆောင်မှု စသည့်နယ်ပယ်များ ပါဝင်နေသည်။

ယူနန်သည် တောင်အာရှအရှေ့တောင်အာရှကိုချိတ်ဆက်သော အပြည်ပြည်ဆိုင်ရာလမ်းမကြီးဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို နက်ရှိုင်းစွာတွန်းတင်မှုနှင့်အတူ ယူနန်သည် တောင်အာရှအရှေ့တောင်အာရှသို့ မျက်နှာပြုဖြာထွက်မှုစင်တာကို ဆောက်လုပ်နေပါသည်။ ယူနန်ပြည်နယ်မှ နိုင်ငံတကာဧည့်သည်များ၊ စီးပွားရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့် အင်အားရှိသောလုပ်ငန်းများ၊ လုပ်ငန်းရှင်များကူမင်းသို့စုဝေးကာစီးပွားရေးအခွင့်အလမ်းရှာဖွေရန် ပြပွဲသို့ပါဝင်တက်ရောက်ရန် လှိုက်လှဲစွာဖိတ်ခေါ်အပ်ပါသည်။

သတင်းထောက် စက်ကျင်း